# ကရင်အမျိုးသား စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၄)ရက်။

## ကရင်အမျိုးသားအကြိုညီလာခံ၏ထုတ်ပြန်ချက်

၁။ ကရင်အမျိုးသားအကြိုညီလာခံတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) တွင် ၂၀၁၅ ခုနှစ် ဇူလိုင်လ(၂) ရက်နေ့မှ(၄) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤကရင်အမျိုးသားအကြို ညီလာခံသို့ ကရင်အမျိုးသားများ နေထိုင်ရာဒေသတဝှမ်းရှိ ကရင်အဖွဲ့အစည်း အသီးသီးတို့မှ ကရင်ခေါင်းဆောင် ကိုယ်စားလှယ် စုစုပေါင်း (၅၀၀) ကျော်တက်ရောက်ခဲ့ပါသည်။

၂။ ကရင်အမျိုးသားအကြိုညီလာခံတွင်ကရင်တမျိုးသားလုံးနှင့်သက်ဆိုင်သည့်နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် မျိုးနွယ်စုဆိုင်ရာ စသည့်စာတမ်းများ တင်ပြဆွေးနွေးခဲ့ကြပါသည်။

၃။ ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြရာတွင် လတ်တလော ကရင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသောပစ်ခတ်တိုက်ခိုက်မှုများသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက်မှုဖြစ်စေမည်ကို စိုးရိမ်ပူပန်ကြပါသဖြင့် ငြိမ်းချမ်းရေးရှေ့ဆက်ခရီးစဉ်အတွက်နှစ်ဦးနှစ်ဖက်ရှိခေါင်းဆောင်များမှ ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းပေးပါရန် မေတ္တာရပ်ခံစာများပေးပို့ခဲ့ပါသည်။ ခိုင်မာခိုင်မြဲသောငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက်လည်း တစိုက်မတ်မတ် ပံ့ပိုးဆောင်ရွက်သွားမည်။

၄။ ကရင်အမျိုးသားအကြိုညီလာခံမှ ကရင်အမျိုးသားညီလာခံကြီးတစ်ရပ်ကိုကျင်းပပြုလုပ်နိုင်ရန်အတွက် " ကရင်အမျိုးသားညီလာခံပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ " ကို ဖွဲ့စည်းခဲ့ပါသည်။

၅။ ကရင်အမျိုးသားညီလာခံကြီးကို ကရင်အမျိုးသားညီလာခံပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့မှ ပြင်ဆင်မှုများပြီးမြောက်သော အချိန်တွင် ကျင်းပရန် သဘောတူခဲ့ကြပါသည်။

၆။ ခိုင်မာခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေး၊ ကရင့်အမျိုးသားစည်းလုံးညီညွတ်မှုရရှိရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက် ကရင့်အမျိုးသားများအားလုံး စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သံဓိဋ္ဌာန်ပြုပါသည်။

ကရင်အမျိုးသားစည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ

ဆက်သွယ်ရန်

(၁) သိက္ခာတော်ရဆရာတော်စောမက်သယူးအေး ၀၉-၄၃၀၅၅၂၂၉

(၂) စောကျော်စွာ ၀၉-၄၂၅၃၀၁၁၉

(၃) နန့်ခင်အေးဦး ၀၉-၄၉၂၃၇၉၈၆

(၄) ပဒိုစောလှထွန်း ၀၉-၂၅၂၇၃၂၈၆၂